ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၈

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေကို ပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို အနည်းဆုံးအခကြေးငွေ နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ အနည်းဆုံးအခကြေးငွေနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ၂ တွင် ပါရှိသော **"အလုပ်သမား ၁၆ ဦးနှင့် အထက်ဖြင့် လုပ်ကိုင်သော"** ဆိုသည့် စကားရပ်ကို **"ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်သည့် အလုပ်သမားဦးရေဖြင့်လုပ်ကိုင်သော"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ၊ ပုဒ်မ ၃၈ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ဆိုင်များနှင့်အလုပ်ဌာနများ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါစကားရပ်များသည်လည်း ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကို ဆိုသည်။

(ခ) **နေ့ သို့မဟုတ် ရက်**ဆိုသည်မှာ ညဉ့်သန်းခေါင်အချိန်မှစ၍ ရေတွက်သည့် နှစ်ဆယ့်လေးနာရီ ကာလအပိုင်းအခြားကို ဆိုသည်။

(ဂ) **ရက်သတ္တပတ်**ဆိုသည်မှာ စနေနေ့ညဉ့်သန်းခေါင်အချိန်မှစ၍ ရေတွက်သည့် ခုနစ်ရက်ကာလ အပိုင်းအခြားကို ဆိုသည်။

(ဃ) **ရှာဖွေပုံစံ**ဆိုသည်မှာ ဥပဒေတွင် သတ်မှတ်ပြဌာန်းထားသည့် မှတ်တမ်းများ၊ အထောက်အထား များ သို့မဟုတ် ခေတ်မီနည်းပညာသုံး အခြားအထောက်အထားများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရာတွင် အသုံးပြုသည့် ဤနည်းဥပဒေများပါပုံစံ (၁၁) ကို ဆိုသည်။

(င) **အန္တရာယ်ရှိသောလုပ်ငန်း**ဆိုသည်မှာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်သည့် လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

(စ) **သတ်မှတ်ထားသည့်ဆူညံသံ**ဆိုသည်မှာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ဆူညံသံပမာဏကို ဆိုသည်။

(ဆ) **အခြေခံလစာငွေ**ဆိုသည်မှာ ပြက္ခဒိန်လတစ်လတွင် လုပ်ကိုင်ရသည့် အလုပ်တာဝန်နှင့်အညီ ရရှိမည့် မည်သည့်စရိတ်မျှမပါသော လစာငွေကို ဆိုသည်။ သို့ရာတွင် ယင်းစကားရပ်၌ အချိန်ပိုလုပ်ခ၊ ရှားပါးစရိတ်နှင့် အပိုဆုကြေးငွေများ မပါဝင်။

(ဇ) **တာဝန်ခံဆရာဝန်**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အသိအမှတ်ပြုထားသည့် မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးကို ဆိုသည်။

(ဈ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသော ပုံစံကို ဆိုသည်။

## အခန်း (၂)
## အလုပ်ရှင်က အကြောင်းကြားစာပေးပို့ခြင်း

၃။ အလုပ်ရှင်သည် မည်သည့်နေရာ၌မဆို ဆိုင် သို့မဟုတ် အလုပ်ဌာနအဖြစ် ဖွင့်လှစ်ပါက ဖွင့်လှစ်သည့်နေ့မှစ၍ ၁၀ ရက်အတွင်း ဦးစီးဌာန၏စစ်ဆေးရေးအရာရှိထံ အောက်ပါအချက်အလက်များပါဝင်သော အကြောင်းကြားစာကို သက်ဆိုင်ရာဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြုထုတ်ပေးသော လိုင်စင်မိတ္တူနှင့်အတူ ပုံစံ (၁) ဖြင့် ပေးပို့ရမည် -

(က) ဆိုင် သို့မဟုတ် အလုပ်ဌာနအမည်၊ တည်နေရာလိပ်စာ၊ ဖုန်း၊ ဖက်(စ်)၊ အီးမေးလ်လိပ်စာ၊

(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနအမျိုးအစား၊

(ဂ) အလုပ်ရှင်အမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ဖုန်း၊ ဖက်(စ်)၊ အီးမေးလ်လိပ်စာ၊

(ဃ) မန်နေဂျာ သို့မဟုတ် အလုပ်ရှင်ကိုယ်စား တာဝန်ခံအမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ဖုန်း၊ ဖက်(စ်)၊ အီးမေးလ်လိပ်စာ၊

(င) အလုပ်သမားအင်အား၊

(စ) နိုင်ငံခြားသားအလုပ်သမားအမည်၊ နိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသား၊ နေထိုင်ခွင့်ပြုကာလနှင့် နေရပ်လိပ်စာ။

၄။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုကို နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊ လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း သို့မဟုတ် ဝန်ထမ်းခန့်အပ်ခြင်း အပြောင်းအလဲပြုလုပ်ပါက ပြုလုပ်သည့်နေ့မှစ၍ ၁၀ ရက်အတွင်း ဦးစီးဌာန၏စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြုထုတ်ပေးသော လိုင်စင်မိတ္တူနှင့်အတူ အကြောင်းကြားစာကို ပုံစံ(၂) ဖြင့် ပေးပို့ရမည်။

၅။ အလုပ်ရှင်သည် -

(က) ဆိုင် သို့မဟုတ် အလုပ်ဌာနကို ယာယီ သို့မဟုတ် အပြီးပိတ်သိမ်းခြင်း ပြုလုပ်လိုပါက မပိတ်သိမ်းမီ ၁၀ ရက်ကြိုတင်၍ ဦးစီးဌာန၏ စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြုထုတ်ပေးသော လိုင်စင်မိတ္တူနှင့်အတူ အကြောင်းကြားစာကို ပုံစံ (၃) ဖြင့် ပေးပို့ရမည်။

(ခ) ယာယီပိတ်သိမ်းထားသည့် ဆိုင် သို့မဟုတ် အလုပ်ဌာနကို ပြန်လည်ဖွင့်လှစ်ပါက ဦးစီးဌာန၏ စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြုထုတ်ပေးသော လိုင်စင်မိတ္တူနှင့်အတူ အကြောင်းကြားစာကို ပုံစံ (၁) ဖြင့် ပေးပို့ရမည်။

## အခန်း (၃)
## အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာပေးပို့ခြင်း

၆။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနအသီးသီးရှိအလုပ်သမားများ၏ အလုပ်လုပ်ရမည့် ကာလအပိုင်းအခြားများ ဖော်ပြထားသည့် နို့တစ်စာကို အလုပ်သမားများ ထင်ရှားမြင်သာနိုင်သည့်နေရာတွင် ချိတ်ဆွဲပြသထားရမည်။

၇။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနအသီးသီးရှိ အလုပ်သမားများကို တူညီသောအလုပ်ချိန်တွင် အလုပ်လုပ်ကိုင်စေပါက ဦးစီးဌာနသို့ ပုံစံ (၄) ဖြင့် ပေးပို့ရမည်။

၈။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနအသီးသီးရှိ အလုပ်သမားများကို အဆိုင်း သို့မဟုတ် အလှည့်စနစ်ဖြင့် အလုပ်လုပ်ကိုင်စေပါက ဦးစီးဌာနသို့ ပုံစံ (၅) ဖြင့် ပေးပို့ရမည်။

## အခန်း (၄)

## အချိန်ပိုလုပ်ကိုင်ခြင်းနှင့် အချိန်ပိုငွေကြေးခံစားခွင့်ပေးချေခြင်း

၉။ ဆိုင် သို့မဟုတ် အလုပ်ဌာနအသီးသီးရှိ အလုပ်သမားများကို တစ်ရက်လျှင် (၈) နာရီထက်ပို၍ လည်းကောင်း၊ ရက်သတ္တတစ်ပတ်လျှင် (၄၈) နာရီထက်ပို၍လည်းကောင်း လုပ်ကိုင်ရသည့်အလုပ်ချိန် နာရီများအတွက် အချိန်ပိုလုပ်ခကို အခကြေးငွေပေးချေရေး နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း တွက်ချက် ခံစားခွင့်ပြုရမည်။

၁၀။ ပုတ်ပြတ်အလုပ်သမား၏ ပျမ်းမျှတစ်ရက်နေ့တွက် လုပ်ခနှုန်းတွက်ချက်ရာတွင် ရက်သတ္တတစ်ပတ် အတွင်းအလုပ်သမားရရှိခဲ့သည့် အခကြေးငွေကို ရက်သတ္တတစ်ပတ်အတွင်း အမှန်တကယ် အလုပ်လုပ်ကိုင် ခဲ့သည့် ရက်နှင့်စား၍ ရရှိသောအခကြေးငွေဖြင့် တွက်ချက်ရမည်။

၁၁။ အလုပ်ရှင်သည် အခကြေးငွေပေးချေရန် ကာလစေ့ရောက်သည့်နေ့မှ တစ်ဆယ်ရက်အတွင်း အချိန်ပို အခကြေးငွေပေးချေသည့်မှတ်တမ်းကို စစ်ဆေးရေးအရာရှိထံ ပုံစံ (၆) ဖြင့် ပေးပို့ရမည်။

## အခန်း (၅)

## တစ်ရက် ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်ရန်ခွင့်ပြုခြင်း

၁၂။ လုပ်ငန်းသဘာဝအရ တစ်ရက် ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်လိုသည့် ဆိုင်၊ အလုပ်ဌာနနှင့် အများ ပျော်ရွှင်ရေး အလုပ်ဌာနများသည် ဦးစီးဌာနသို့ ပုံစံ (၇) ဖြင့် ခုနစ်ရက်ကြိုတင်ပေးပို့၍ ခွင့်ပြုချက် ရယူလုပ်ကိုင် ရမည်။

၁၃။ စစ်ဆေးရေးအရာရှိသည်နည်းဥပဒေ ၁၂ အရ တင်ပြလာမှုအပေါ် စိစစ်၍ ပုံစံ (၈) ဖြင့် ခွင့်ပြုပေးရမည်။

၁၄။ လုပ်ငန်းသဘာဝအရ တစ်ရက် ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်ရန်လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာနများမှတစ်ပါး အလုပ်သမား ၁၅ ဦးအထက်ရှိသော ဆိုင်၊ အလုပ်ဌာနတစ်ခုခု တွင် သတ်မှတ်အလုပ်ချိန်ထက်ပို၍ လုပ်ကိုင်လိုပါက ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အချိန်ပိုလုပ်ကိုင်နိုင်သည်။

၁၅။ စစ်ဆေးရေးအရာရှိသည် တစ်ကြိမ်လျှင် နှစ်လထက်မပိုသည့်ကာလအပိုင်းအခြားအတွက် အချိန်ပို လုပ်ကိုင်ရန် ဦးစီးဌာန၏ ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။

## အခန်း (၆)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

၁၆။ အလုပ်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် အလုပ်ရှင်ကိုယ်စားတာဝန်ခံသည် မိမိ၏ ဆိုင် သို့မဟုတ် အလုပ်ဌာနနှင့် အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ် များကို အောက်ပါအတိုင်း စီမံဆောင်ရွက်ရမည် -

(က) ဆိုင် သို့မဟုတ် အလုပ်ဌာနများကို အထပ်မြင့်အဆောက်အဦများအသုံးပြု၍ ရွေ့လျားလျှပ်စစ် ဓာတ်လှေကားများသုံးစွဲလျှင် အရေးပေါ် တက်၊ ဆင်းလမ်းနှင့် ဝင်ပေါက်ထွက်ပေါက်များထားရှိ ပေးရမည့်အပြင် ဝင်လမ်း၊ ထွက်လမ်းပြအမှတ်အသားများ ဖော်ပြထားရှိရမည်။

(ခ) မီးလောင်ပေါက်ကွဲစေနိုင်သည့် အရာများကို မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး လိုအပ်သည့် အစီအမံများထားရှိ၍ ကြီးကြပ်ဆောင်ရွက်ရမည်။

(ဂ) သတ်မှတ်ထားသည့် ဆူညံသံထက် မပိုစေရန် စီမံ ဆောင်ရွက်ရမည်။

(ဃ) ကြမ်းပြင်များ၊ ပရိဘောဂပစ္စည်းများ၊ ချက်ပြုတ်ကျော်လှော်ရောင်းချသည့်နေရာများ၊ အသုံးပြုသည့် အိုးခွက်ပန်းကန်များ၊ သောက်သုံးရေထားရှိသည့် နေရာများ၊ အိမ်သာများကို သန့်ရှင်းရေး၊ အနံ့ အသက်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်စေရန် သန့်ရှင်းရေးဝန်ထမ်းများ လုံလောက်စွာ ခန့်အပ်၍ ကြီးကြပ်ဆောင်ရွက်ရမည်။

(င) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရမည်။

(စ) ပူလွန်း၊ အေးလွန်းသောရာသီနှင့် ပူလွန်း၊ အေးလွန်းသော သဘာဝရှိသည့်လုပ်ငန်းများတွင် အလုပ်ရှင်သည် အလုပ်သမား၏ ကျန်းမာရေးအတွက် တစ်ကိုယ်ရေသုံး ခန္ဓာကိုယ်ကာကွယ်ရေး ပစ္စည်းများကို လုံလောက်စွာထုတ်ပေးပြီး ဝတ်ဆင်လုပ်ကိုင်စေရန် အလုပ်ရှင်က စီစဉ်ပေးရမည်။

(ဆ) ရှေးဦးသူနာပြုဆေးသေတ္တာနှင့် လိုအပ်သော ဆေးဝါးများ ထားရှိပေးရမည်။

## **အခန်း (၇)**

## **စာရင်းဇယား၊ မှတ်တမ်း၊ မှတ်ပုံတင်စာအုပ်များ ဖွင့်လှစ်ထားရှိခြင်း**

၁၇။ ဆိုင် သို့မဟုတ် အလုပ်ဌာနအသီးသီးရှိ အလုပ်သမားများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါမှတ်တမ်း၊ မှတ်ပုံတင်စာအုပ်များကို အလုပ်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် အလုပ်ရှင်ကိုယ်စား တာဝန်ခံက သတ်မှတ် ပုံစံများဖြင့် ပြည့်စုံမှန်ကန်စွာရေးသွင်းပြီး စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိတို့က ကြည့်ရှုစစ်ဆေး နိုင်ရန် သက်ဆိုင်ရာ ဆိုင် သို့မဟုတ် အလုပ်ဌာနတွင် အနည်းဆုံး ၁၂ လ ထိန်းသိမ်းထားရှိရမည် -

(က) အလုပ်ရှင်ကပေးပို့ရမည့် အကြောင်းကြားစာမိတ္တူ၊

(ခ) အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာ၊

(ဂ) လုပ်ငန်းသဘာဝအရ ၂၄ နာရီ လုပ်ကိုင်ရန်ခွင့်ပြုချက်၊

(ဃ) အလုပ်တက်၊ အလုပ်ဆင်းမှတ်တမ်း၊ ပုံစံ (၉)

(င) အလုပ်သမားမှတ်ပုံတင်စာအုပ်၊

(စ) ကလေးအလုပ်သမား မှတ်ပုံတင်စာအုပ်၊ ပုံစံ (၁၀)

(ဆ) အချိန်ပိုလုပ်ကိုင်ခြင်း မှတ်တမ်းစာအုပ်၊

(ဇ) အချိန်ပိုငွေကြေးခံစားခွင့်ပြုသည့် မှတ်တမ်း၊

(ဈ) လုပ်ခပေးချေခြင်း မှတ်တမ်း၊

(ည) ခွင့်ခံစားခြင်း မှတ်တမ်း။

## **အခန်း (၈)**

## **အထွေထွေ**

၁၈။ စစ်ဆေးရေးအရာရှိသည် လိုအပ်ပါက ဆိုင်နှင့်အလုပ်ဌာနများ၏ မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ သို့မဟုတ် ခေတ်မီနည်းပညာသုံး အခြားအထောက်အထားများကို သက်သေနှစ်ဦး ရှေ့မှောက်တွင် သက်သေခံပစ္စည်းအဖြစ် ရှာဖွေပုံစံဖြင့် သိမ်းနိုင်သည်။

၁၉။ ဥပဒေနှင့် ဤနည်းဥပဒေများပါ ကိစ္စရပ်များအလို့ငှာ ဦးစီးဌာနသည် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၀။ ၁၉၅၃ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများနည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပုံစံ (၁)

**အလုပ်ရှင်ကပေးပို့ရန် အကြောင်းကြားစာ**

(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၃)

သို့

စစ်ဆေးရေးအရာရှိ

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန

-----------------------------------------------

အကြောင်းအရာ ။ **ဆိုင်/ အလုပ်ဌာန ဖွင့်လှစ်လုပ်ကိုင်မည်ဖြစ်ကြောင်း အကြောင်းကြားခြင်း**

| | |
|---|---|
| ၁။ ဆိုင် သို့မဟုတ် အလုပ်ဌာနအမည်၊ နေရပ်လိပ်စာ၊ ဖုန်း၊ ဖက် (စ်)၊ အီးမေးလ်လိပ်စာ၊ | |
| ၂။ ဆိုင် သို့မဟုတ် အလုပ်ဌာနအမျိုးအစား၊ | |
| ၃။ အလုပ်ရှင်အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဖုန်း၊ ဖက်(စ်)၊ အီးမေးလ်လိပ်စာ၊ | |
| ၄။ မန်နေဂျာ သို့မဟုတ် အလုပ်ရှင်ကိုယ်စား တာဝန်ခံအမည်၊ နိုင်ငံသားစိစစ်ရေး အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်း၊ ဖက်(စ်)၊ အီးမေးလ်လိပ်စာ၊ | |
| ၅။ တစ်ရက်လျှင် ၂၄ နာရီ လုပ်ကိုင်ရန် လို/မလို။ | |

၆။ ဆိုင်၊ အလုပ်ဌာနရှိ နိုင်ငံသားအလုပ်သမားအရေအတွက် -

| | **လူကြီး** | | **လူရွယ် ၁၆ နှစ်-၁၈ နှစ်** | | **ကလေး ၁၄ နှစ်-၁၆ နှစ်** | |
|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ကျား** | **မ** | **ကျား** | **မ** |
| လခစား | | | | | | |
| နေ့စား | | | | | | |
| ပုတ်ပြတ် | | | | | | |
| စုစုပေါင်း | | | | | | |

၇။ ဆိုင်၊ အလုပ်ဌာနရှိ နိုင်ငံခြားသားအလုပ်သမားအရေအတွက် -

| | **ကျား** | **မ** |
|---|---|---|
| လခစား | | |
| နေ့စား | | |
| ပုတ်ပြတ် | | |
| စုစုပေါင်း | | |

ရက်စွဲ၊

နေရာ အလုပ်ရှင်လက်မှတ်

ဤအကြောင်းကြားစာပုံစံကို အလုပ်ရှင်ကဖြည့်သွင်း၍ စစ်ဆေးရေးအရာရှိထံသို့ ပေးပို့ရမည်။

ပုံစံ (၂)

**နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း/လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်း/လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း/ လုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း/ဝန်ထမ်းခန့်အပ်ခြင်းနှင့် အပြောင်းအလဲပြုလုပ်ခြင်းဆိုင်ရာ အကြောင်းကြားစာ**

(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၄)

သို့

စစ်ဆေးရေးအရာရှိ

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

----------------------------------------------

အကြောင်းအရာ ။ **နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း/လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်း/လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ခြင်း/လုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း/ဝန်ထမ်းခန့်အပ်ခြင်းနှင့် အပြောင်းအလဲ ပြုလုပ်ခြင်းဆိုင်ရာ အကြောင်းကြားစာ ပေးပို့ခြင်း။**

**၁။** --------------------- တိုင်းဒေသကြီး/ပြည်နယ်၊ ----------- မြို့နယ်၊ --------------------- ရပ်ကွက်/ကျေးရွာ၊ ---------------------- လမ်း၊ အမှတ် ----------------- ရှိ ဦး/ဒေါ် ---------- ------- ပိုင်ဆိုင်သော ------------------- ဆိုင်/ အလုပ်ဌာန/ အများပျော်ရွှင်ရေးအလုပ်ဌာနကို -

(က) ------------ တိုင်းဒေသကြီး/ပြည်နယ်၊ --------------- မြို့နယ်၊ -----------------ရပ်ကွက်/ ကျေးရွာ၊ ---------------- လမ်း၊ အမှတ် --------------------- သို့ လုပ်သားအင်အား ကျား ( ) ဦး၊ မ ( ) ဦး ၊ ပေါင်း ( ) ဦးဖြင့် ( ) ရက်နေ့မှစ၍ နေရာပြောင်းရွှေ့ ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊

(ခ) လုပ်သားအင်အား ကျား ( ) ဦး၊ မ ( ) ဦး ၊ ပေါင်း ( ) ဦးဖြင့် ( ) ရက်နေ့မှစ၍ ----------- လုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါကြောင်း၊

(ဂ) ကျား ( ) ဦး၊ မ ( ) ဦး ၊ ပေါင်း ( ) ဦးဖြင့် ( ) ရက်နေ့မှစ၍ ---------- လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ခြင်းပြုလုပ်မည်ဖြစ်ပါကြောင်း၊

(ဃ) ဦး/ဒေါ် --------------------- အမည်သို့ ( ) ရက်နေ့မှစ၍ လုပ်ငန်းပိုင်ရှင် ပြောင်းလဲ လုပ်ကိုင်မည်ဖြစ်ပါကြောင်း၊

(င) လုပ်သားအင်အား ကျား ( ) ဦး၊ မ ( ) ဦး ၊ ပေါင်း ( ) ဦးကို ------ လုပ်ငန်းတွင် ( ) ရက်နေ့မှစ၍ ဝန်ထမ်းခန့်အပ်ခြင်း/အပြောင်းအလဲပြုလုပ်ခြင်း ပြုလုပ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

မှတ်ချက်။ မလိုသည့် စာပိုဒ်ကို မျဉ်းသားဖျက်ရန်။

| | |
|---|---|
| လက်မှတ် | ------------------------------------------ |
| အလုပ်ရှင်အမည် | ------------------------------------------ |
| နိုင်ငံသားစိစစ်ရေးအမှတ် | ------------------------------------------ |
| နိုင်ငံကူးလက်မှတ်အမှတ် (နိုင်ငံခြားသားအလုပ်ရှင်) | ------------------------------------------ |
| ဆက်သွယ်ရန်လိပ်စာ | ------------------------------------------ |
| ဖုန်း/ဖက်စ် | ------------------------------------------ |
| Email လိပ်စာ | ------------------------------------------ |

ပုံစံ (၃)

**ဆိုင်/အလုပ်ဌာနကို ယာယီပိတ်သိမ်း သို့မဟုတ် အပြီးပိတ်သိမ်းကြောင်း အကြောင်းကြားစာ**

**(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၅)**

သို့

စစ်ဆေးရေးအရာရှိ

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

----------------------------------------------

အကြောင်းအရာ ။ **------------------------------ ဆိုင်/အလုပ်ဌာနကို ယာယီပိတ်သိမ်း သို့မဟုတ် အပြီးပိတ်သိမ်းကြောင်း အကြောင်းကြားစာပေးပို့ခြင်း။**

------------ တိုင်းဒေသကြီး/ ပြည်နယ်၊ -------------မြို့နယ်၊ ------------------- ရပ်ကွက်/ကျေးရွာ၊ -------------------လမ်း၊ အမှတ် ---------------------- ရှိ ဦး/ဒေါ်/ Mr./Ms. ------------------------------ ပိုင်ဆိုင်သော ------------------- ဆိုင်/အလုပ်ဌာန/ အများပျော်ရွှင်ရေး အလုပ်ဌာနကို ---------------------- ကြောင့် ------------------- ရက်နေ့မှစ၍ ယာယီပိတ်သိမ်း/ အပြီးပိတ်သိမ်းမည်ဖြစ်သဖြင့် ဆိုင်/အလုပ်ဌာနတွင် လုပ်ကိုင်ခဲ့သည့် အလုပ်သမားများ၏ လုပ်ခလစာ ကျန်ငွေနှင့် ရထိုက်ခွင့်ရှိသော ခံစားခွင့်များကို အပြီးပေးချေရှင်းလင်းပြီးဖြစ်ပါကြောင်း ပူးတွဲပါအတိုင်း အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| လက်မှတ် | ------------------------------------------- |
| အလုပ်ရှင်အမည် | ------------------------------------------- |
| နိုင်ငံသားစိစစ်ရေးအမှတ် | ------------------------------------------- |
| နိုင်ငံကူးလက်မှတ်အမှတ် (နိုင်ငံခြားသားအလုပ်ရှင်) | ------------------------------------------- |
| ဆက်သွယ်ရန်လိပ်စာ | ------------------------------------------- |
| ဖုန်း/ဖက်စ် | ------------------------------------------- |
| Email လိပ်စာ | ------------------------------------------- |

ပုံစံ (၄)

## တူညီသောအလုပ်ချိန်တွင် အလုပ်လုပ်ခြင်းဆိုင်ရာ နို့တစ်စာ

(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၇)

ရက်စွဲ၊

အလုပ်သမားများသည် နေ့စဉ်အောက်ဖော်ပြပါ အလုပ်လုပ်ရန် ကာလအပိုင်းအခြားများတွင် အလုပ်လုပ်မည်ဖြစ်ကြောင်း -

အလုပ်စသည့်အချိန် -

အလုပ်ပြီးသည့်အချိန် -

အားလပ်ချိန် - မှ အထိ

ရက်သတ္တပတ်အလုပ်ပိတ်ရက်ဖြစ်သည့် ------------------- နေ့များတွင် ဆိုင်/ အလုပ်ဌာနရှိ အလုပ်သမားများအား ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ရက်ကို လုပ်ခလစာပြည့်ဖြင့် အလုပ်ပိတ်ရက်ခွင့် ပေးမည်ဖြစ်ပါကြောင်း။

| | |
|---|---|
| လက်မှတ် | -------------------------------------------- |
| အလုပ်ရှင်အမည် | -------------------------------------------- |
| နိုင်ငံသားစိစစ်ရေးအမှတ် | -------------------------------------------- |
| နိုင်ငံကူးလက်မှတ်အမှတ် (နိုင်ငံခြားသားအလုပ်ရှင်) | -------------------------------------------- |
| ဆက်သွယ်ရန်လိပ်စာ | -------------------------------------------- |
| ဖုန်း/ဖက်စ် | -------------------------------------------- |
| Email လိပ်စာ | -------------------------------------------- |

ပုံစံ (၅)

## အလုပ်လုပ်ရန်ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာ

(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၈)

ရက်စွဲ၊

အလုပ်သမားများသည် နေ့စဉ်အောက်ဖော်ပြပါ အလုပ်လုပ်ရန် ကာလအပိုင်းအခြားများတွင် အလုပ်လုပ်မည်ဖြစ်ကြောင်း -

| စဉ် | အလုပ်သမားအမည် | အလုပ် စချိန် | အလုပ် ပြီးချိန် | အားလပ်ချိန် | ရက်သတ္တပတ် အလုပ်နားရက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

မှတ်ချက်။ ပုံစံအား လုပ်ငန်းသဘာဝအရ လိုအပ်သလို ဖြည့်စွက်နိုင်ပါသည်။

လက်မှတ် --------------------------------------------
အလုပ်ရှင်အမည် --------------------------------------------
နိုင်ငံသားစိစစ်ရေးအမှတ် --------------------------------------------
နိုင်ငံကူးလက်မှတ်အမှတ် --------------------------------------------
(နိုင်ငံခြားသားအလုပ်ရှင်)
ဆက်သွယ်ရန်လိပ်စာ --------------------------------------------
ဖုန်း/ဖက်စ် --------------------------------------------
Email လိပ်စာ --------------------------------------------

ပုံစံ (၆)

**အချိန်ပိုအခကြေးငွေပေးချေမှုမှတ်တမ်း**

(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၁၁)

ဆိုင်/အလုပ်ဌာနအမည် ________________ ၂၀ ခုနှစ်၊ လ

| အမှတ်စဉ် | အလုပ်သမားအမည် | အလုပ်စတင်ဝင်ရောက်သည့်နေ့ | အလုပ်အကိုင် | [illegible] | [illegible] | [illegible] | [illegible] | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | [illegible] | [illegible] | [illegible] | လက်မှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |

အလုပ်ရှင်/မန်နေဂျာလက်မှတ် ----------------------

အမည် ------------------------------------------

ပုံစံ (၇)

## ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုရန် ကြိုတင်လျှောက်ထားလွှာ

(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၁၂)

သို့

**စစ်ဆေးရေးအရာရှိ**

**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

---------------------------------------------

**ရက်စွဲ၊ ----------------**

အကြောင်းအရာ ။ **တစ်ရက် ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားခြင်း**

-------------------- တိုင်းဒေသကြီး/ပြည်နယ်၊ -------------- ခရိုင်၊ ---------------မြို့နယ်၊ ----------- ရပ်ကွက်၊ ------------- လမ်း၊ အမှတ် --------------- ရှိ ဦး/ဒေါ် ------------------ နိုင်ငံသားစိစစ်ရေးအမှတ် -------------------- ပိုင်ဆိုင်သည့် ဆိုင်/အလုပ်ဌာန/ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာနသည် လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် (၂၄) နာရီပတ်လုံး ဖွင့်လှစ်လုပ်ကိုင်ရန် လိုအပ်သဖြင့် ဥပဒေပါသတ်မှတ်အလုပ်ချိန်နှင့်အညီ လုပ်ကိုင်ခွင့်ပြုပါရန် အောက်ပါတို့ ပူးတွဲလျက် လျှောက်ထားအပ်ပါသည် -

(က) လုပ်ငန်းနှင့်ပတ်သက်၍ ရရှိထားသော လိုင်စင်နှင့် ခွင့်ပြုချက်များ၊

(ခ) အလုပ်သမားများ၏ အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နှံ့တစ်စာ။

| | |
|---|---|
| လက်မှတ် | -------------------------------------------- |
| အလုပ်ရှင်အမည် | -------------------------------------------- |
| နိုင်ငံသားစိစစ်ရေးအမှတ် | -------------------------------------------- |
| နိုင်ငံကူးလက်မှတ်အမှတ် (နိုင်ငံခြားသားအလုပ်ရှင်) | -------------------------------------------- |
| ဆက်သွယ်ရန်လိပ်စာ | -------------------------------------------- |
| ဖုန်း/ဖက်စ် | -------------------------------------------- |
| Email လိပ်စာ | -------------------------------------------- |

ပုံစံ (၈)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**
(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၁၃)

စာအမှတ်၊ ---------------------------
ရက်စွဲ၊ ---------------------------

သို့

**အလုပ်ရှင်/မန်နေဂျာ**

--------------------

--------------------

အကြောင်းအရာ ။ ။ **တစ်ရက် (၂၄) နာရီ ဖွင့်လှစ်လုပ်ကိုင်ရန် ခွင့်ပြုခြင်း**
ရည်ညွှန်းချက်။ လူကြီးမင်း၏ ( - - ) ရက်စွဲပါ စာအရ

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများဥပဒေပုဒ်မ ၉ (က) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ လူကြီးမင်း၏ ဆိုင်၊ အလုပ်ဌာနမှ အလုပ်သမားများကို ပုဒ်မ ၇၊ ၈၊ ၁၁၊ ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိဘဲ အလုပ်လုပ်ရန်ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာပုံစံ (၅) ပါ အတိုင်း ၂၄ နာရီ လုပ်ကိုင်ခွင့်ပြုလိုက်သည်။

၂။ ဤခွင့်ပြုမိန့်ကို လူကြီးမင်း၏ အလုပ်သမားများ မြင်သာရန်ချိတ်ဆွဲထားသည့် အလုပ်လုပ်ရန်ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာအနီးတွင် ကပ်ထားရမည်။

စစ်ဆေးရေးအရာရှိ

**---------- မြို့နယ်/ခရိုင်/စက်မှုဇုန်ရုံး**
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

မိတ္တူကို

------------ ခရိုင်/စက်မှုဇုန်/တိုင်းဒေသကြီး/ပြည်နယ်ရုံး၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန။

ပုံစံ (၉)

# အလုပ်သမား နေ့စဉ် အလုပ်တက်၊ အလုပ်ဆင်းမှတ်တမ်း

(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၁၇)

ဆိုင်/အလုပ်ဌာနအမည် - ____________________

ရက်စွဲ။ ----------------------------

| အမှတ်စဉ် | လူမှုဖူလုံရေးမှတ်ပုံတင်အမှတ် | အလုပ်သမားအမည် | တိုကင်အမှတ် | အလုပ်အကိုင် | အလုပ်ဝင်သည့်နေ့ | အလုပ်စချိန် ---- အားလပ်ချိန် ---- အလုပ်ပြီးချိန် ---- | | | | | | | | | | | | | | | | | | | | | | | | | | | | | | | အလုပ်ပျက်ရက် | အလုပ်လုပ်ရက် | ခွင့်ယူပြီးရက် | | | | လစာနှုန်း | ဝင်ငွေပေါင်း | လူမှုဖူလုံရေးထည့်ဝင်ကြေး | အသားတင်ရငွေ | လက်မှတ် ၅/-တံဆိပ်ခေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | | | လုပ်သက်ခွင့် | ဆေးလက်မှတ်ခွင့် | ရှောင်တခင်ခွင့် | မီးဖွားခွင့် | | | | | |
| | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |

အလုပ်ရှင်/မန်နေဂျာလက်မှတ် ----------------------

အမည် ---------------------------------

ပုံစံ (၁၀)

**------------- ဆိုင်/အလုပ်ဌာန၏ ကလေးအလုပ်သမားမှတ်ပုံတင်စာအုပ်**

(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၁၇)

| စဉ် | အမည် | အသက် | အဘအမည် | ဆိုင် (သို့မဟုတ်) အလုပ်ဌာနအမျိုးအစား | လုပ်ကိုင်သည့် အလှည့်/လူစု | အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်ထုတ်ပေးသည့် နေ့စွဲနှင့်မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

အလုပ်ရှင်/မန်နေဂျာလက်မှတ် ----------------------

အမည် ----------------------------------

ပုံစံ (၁၁)

**သက်သေခံပစ္စည်း သိမ်းဆည်းခြင်းရှာဖွေပုံစံ**

(ဆိုင်များနှင့် အလုပ်ဌာနများ နည်းဥပဒေ ၁၈)

| သိမ်းဆည်းသည့် နေ့ရက်နှင့်အချိန် | ဆိုင်/အလုပ်ဌာန အမည်နှင့် နေရပ်လိပ်စာ | အလုပ်ရှင်/မန်နေဂျာ/ အလုပ်ရှင်ကိုယ်စားတာဝန်ခံ အမည်နှင့်မှတ်ပုံတင်အမှတ် | သက်သေခံပစ္စည်း အမျိုးအမည် | အရေအတွက် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |

**စစ်ဆေးရေးအရာရှိ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

**လက်မှတ်** ------------------------

**အမည်** ------------------------

**နိုင်ငံသားစိစစ်ရေးအမှတ်** ------------------------

**နေရပ်လိပ်စာ** ------------------------

**အလုပ်ရှင်/မန်နေဂျာ/အလုပ်ရှင်ကိုယ်စားတာဝန်ခံ**

**လက်မှတ်** ------------------------

**အမည်** ------------------------

**နိုင်ငံသားစိစစ်ရေးအမှတ်** ------------------------

**နေရပ်လိပ်စာ** ------------------------

**အသိသက်သေများ**

**၁။ လက်မှတ်** ------------------------

**အမည်** ------------------------

**ရာထူး/ဌာန** ------------------------

**နိုင်ငံသားစိစစ်ရေးအမှတ်** ------------------------

**နေရပ်လိပ်စာ** ------------------------

**၂။ လက်မှတ်** ------------------------

**အမည်** ------------------------

**ရာထူး/ဌာန** ------------------------

**နိုင်ငံသားစိစစ်ရေးအမှတ်** ------------------------

**နေရပ်လိပ်စာ** ------------------------